## ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဂျီနီဗာမြို့၌ ချုပ်ဆိုသည့် နောက်ဆက်တွဲနားလည်မှု စာချွန်လွှာနှင့် ယင်း၏ အစည်းအဝေး မှတ်တမ်းအား သက်တမ်းတိုးမြှင့်ခြင်း သဘောတူညီချက်

ဤသဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(အိုင်အယ်လ်အို)တို့က အောက်တွင် လက်မှတ်ရေးထိုးသော အခွင့်ရကိုယ်စားလှယ်များဖြင့် ချုပ်ဆိုလိုက်သည်။ နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ၏အပိုဒ် ၁၀ (ဤမှ နောက်တွင် ''နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ'' ဟု ရည်ညွှန်းသည်။) နှင့် ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အစည်းအဝေးမှတ်တမ်း (ဤမှနောက်တွင် ''အစည်းအဝေးမှတ်တမ်း'' ဟု ရည်ညွှန်းသည်။)တို့ကို မှတ်သား၍ အောက်ပါအတိုင်း သဘောတူညီကြပါသည်–

၁။ စာချုပ်ဝင်နှစ်ဦးလုံးသည် နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် ယင်း၏ လိုအပ်သော အစိတ်အပိုင်းဖြစ်သည့် အစည်းအဝေးမှတ်တမ်းအား အလားတူ စမ်းသပ်မှုအခြေခံအဖြစ် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ ၁ နှစ်ဖြစ်သည့် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိ သက်တမ်းတိုးမြှင့်ရန် သဘောတူညီကြပါသည်။

၂။ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် အစည်းအဝေးမှတ်တမ်း၏ ရည်ရွယ်ချက်နှင့် စာသားများမှာ မူလအတိုင်း မပြောင်းမလဲ တည်ရှိသည်။

၃။ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် အစည်းအဝေးမှတ်တမ်းသည် အောက်တွင်ဖော်ပြထားသော စာချုပ်ဝင်များ၏ အခွင့်ရကိုယ်စားလှယ်များက လက်မှတ်ရေးထိုးသည့်အခါ ဥပဒေကြောင်းအရ ဆက်လက်အကျိုးသက်ရောက်မှု ရှိမြဲ ရှိစေရမည်။





၄။ ဤသဘောတူညီချက်ကို အုပ်ချုပ်မှုအဖွဲ့သို့ ယင်း၏အကြိမ် ၃၀၀ မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ တင်သွင်းရမည်။

ဤသဘောတူညီချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နေပြည်တော်တွင် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့၌ ချုပ်ဆိုကြပါသည်။

| | |
|---|---|
| ပုံ | ပုံ |
| × × × × | × × × × |
| (ဗိုလ်မှူးချုပ် တင်ထွန်းအောင်) | (မစ္စတာကီရီတာပီအိုလာ) |
| ဒုတိယဝန်ကြီး | အမှုဆောင်ညွှန်ကြားရေးမှူး |
| အလုပ်သမားဝန်ကြီးဌာန | အပြည်ပြည်ဆိုင်ရာ |
| ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ | အလုပ်သမားရေးရာအဖွဲ့ |